ကြေးမုံ

The Mirror

၁၃၇၀ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့၊ (24-10-2008) (၅၈၄၁)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်



နေပြည်တော် အောက်တိုဘာ ၂၃

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ ညနေ ၄ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၅ သို့** *

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ကြေးမုံ The Mirror
၂၄-၁၀-၂၀၀၈
(သောကြာနေ့)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာမောင်းနှင်ယာဉ်အန္တရာယ်ကင်းဝေးစေရေး သတိပြုဆင်ခြင်

ပြည်သူများ စိတ်အေးချမ်းမြေ့စွာသွားလာနိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် သက်ဆိုင်ရာကော်မတီများနှင့် ဌာနဆိုင်ရာတို့ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကြပ်မတ်စစ်ဆေး၊ ပညာပေး၊ အရေးယူမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

သို့သော် အချို့သော ယာဉ်မောင်းများ၏ မဆင်မခြင်မောင်းနှင်မှု၊ ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင် လမ်းကြောလုမောင်းနှင်မှု၊ မူးယစ်သောက်စားမောင်းနှင်နေမှုများကြောင့် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ အဆိုပါ ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရသူ၊ သေဆုံးသူများလည်း ပိုမိုဖြစ်ပေါ်နေကြောင်း တွေ့မြင်ကြားသိနေရသည်။

ယာဉ်တိုက်မှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် ယာဉ်မောင်းသူအချို့၏ မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပေါ်နေသော ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများမှာ အများဆုံးဖြစ်သည်။ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလအတွင်းက တစ်ပြည်လုံးတွင် ယာဉ်တိုက်မှုပေါင်း ၅၀၀ ကျော်ဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရသူ ၇၀၀ ကျော်နှင့် သေဆုံးသူ တစ်ရာကျော်ရှိကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေး ထိန်းသိမ်းဆောင်ရွက်ရာတွင် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းနှင်စေရေး၊ မူးယစ်သောက်စားပြီး မမောင်းနှင်ရေး၊ မြို့တွင်း မြို့ပြင် သတ်မှတ်မိုင်နှုန်းများနှင့်အညီ မောင်းနှင်စေရေး၊ ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်လမ်းကြောလုမောင်းနှင်မှု မပြုရေးတို့အတွက် ယာဉ်မောင်းသူများကို ပိုမိုစစ်ဆေး ကြပ်မတ်ပေးကြရမည်ဖြစ်သည်။

ထို့အပြင် အနေးယာဉ်များနှင့် ခရီးသွားပြည်သူများအပိုင်းကလည်း လမ်းစည်းကမ်းကို ပိုမိုလိုက်နာကြရန် လိုအပ်သည်။ လူကူးမျဉ်းကျားမှမကူးဘဲ မော်တော်ယာဉ်များကြားမှ စည်းကမ်းမဲ့လမ်းဖြတ်ကူးခြင်း၊ ခရီးသည်တင်ယာဉ်တွင် တွယ်စီးခြင်း၊ လူသွားစင်္ကြံမှ မလျှောက်ဘဲ ယာဉ်သွားလမ်းပေါ်ဆင်းလျှောက်ခြင်းတို့ မပြုမိစေရန် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း မိမိတို့၏ယာဉ်များ စက်ကိရိယာပိုင်း၊ ဘရိတ်နှင့်အောက်ပိုင်း ချွတ်ယွင်းမှုမရှိစေရေး မပြတ်စစ်ဆေး ပြုပြင်တပ်ဆင်ကြရမည်ဖြစ်သည်။ သတ်မှတ်မီးလုံး၊ အချက်ပြမီးနှင့် ရောင်ပြန်ပြားများ ပြည့်စုံစွာတပ်ဆင်ထားရေး ဂရုပြုကြရမည်ဖြစ်သည်။

သက်ဆိုင်ရာတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိသည်နှင့်အညီ မော်တော်ယာဉ်မောင်းနှင်သူတိုင်းက သတ်မှတ်ယာဉ်စည်းကမ်းများကို တိတိကျကျ လိုက်နာမောင်းနှင်ခြင်း၊ အနေးယာဉ်များ၊ ခရီးသွားပြည်သူများကလည်း လမ်းစည်းကမ်းများကို သတိပြုဆင်ခြင်လိုက်နာကြခြင်းဖြင့် ပြည်သူတိုင်း ယာဉ်အန္တရာယ်မှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## စက်ရေတွင်းများ တူးဖော်နိုင်ရန် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် 　 အောက်တိုဘာ 　 ၂၃

**မိတ္ထီလာ၊ သာစည်မြို့နယ်များအတွင်း မြေအောက်ရေဖြင့် သီးနှံစိုက်ပျိုးနိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းများ တူးဖော်နိုင်ရန်အတွက် အလှူရှင်များနှင့် INGO များက အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစီအစဉ်အရ အလှူရှင် Network Action Group(NAG) မှ ဌာနေကိုယ်စားလှယ် Mr. Shihab Uddin Ahmmad က ငွေကျပ်သိန်း ၂၅၀၊ Yunnan Machinery & Equipment Import/Export Co., Ltdမှ Mr.Chen Wei က ငွေကျပ်သိန်း ၅၀၊ ပြည့်ဖြိုးကျော်အုပ်စုမှ ဦးလှမောင်ရွှေနှင့် ဦးဇော်ဝင်းဦးတို့က ငွေကျပ်၂၅ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါစိုက်ပျိုးရေရရှိရေးစီမံကိန်းမှာ မိုးနည်းပါးပြီး ဆည်ကန်များ၏ ရေသောက်ဧရိယာ အစွန်အဖျားရှိ စိုက်ပျိုးရေမလုံလောက်သော စိုက်ပျိုးဧရိယာဧက ၁၁၈၉၇ အတွက် စိုက်ပျိုးရေ အခက်အခဲမရှိစေရေး ပထမအဆင့် တွင်းပေါင်း ၄၀၀၊ ဒုတိယအဆင့် တွင်းပေါင်း ၄၀၀ ကျော်လျာထားဆောင်ရွက်လျက်ရှိရာ ဌာနနှင့် အလှူရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့်အတွက် ယခုအခါ မြေအောက်ရေတွင်းပေါင်း ၂၀၀ ခန့် ဆောင်ရွက်ပြီးစီးကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်း

**ရန်ကုန် 　 အောက်တိုဘာ ၂၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းဆုံမှ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းအထိ လမ်းအရှည်ပေ ၄၉၂၀ နှင့် အကျယ် ၅၂ ပေရှိ မဟာဗန္ဓုလလမ်း ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာ ခင်းနေမှု၊ ပန်းဘဲတန်းမြို့နယ် ၂၆ လမ်းအလယ်အား ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)** (၁၉)



**အောက်တိုဘာ ၂၁ ရက်က စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တောကျောင်း ကျေးရွာတွင် Contract Farming စပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ဆင်းနွယ်ရင် စပါးမျိုးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်း-ဖော်ပြပြီး) (စွမ်းအင်)



## ဘက်စုံထူးချွန်ဆုနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်မြို့)က ကြီးမှူး၍ ဘက်စုံထူးချွန်ဆုနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်ဖြစ်ရာ ရခိုင်ပြည်နယ်မှ(၂၀၀၆-၂၀၀၇)၊ (၂၀၀၇-၂၀၀၈) ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်ငါးဘာသာဂုဏ်ထူးနှင့် အထက် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်နယ်အဆင့် သိပ္ပံတွဲနှင့် ဝိဇ္ဇာတွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများ၊ ဂုဏ်ထူးနှစ်ဘာသာအထက် ရရှိကြသော အသင်းဝင်တို့၏ သား၊ သမီး မြေးမြစ်များနှင့် နိုင်ငံတော် ဗဟိုအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် ဘက်စုံဖွံ့ဖြိုး ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရရှိသူများသည် အမှတ်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ကျောင်းအုပ်၏ ထောက်ခံချက်များနှင့်အတူ ဒေါ်ဝင်းမေ တိုက်(၂၄) အခန်း(၃၄) ဦးဝိစာရအိမ်ရာ ဖုန်း-၃၈၇၄၅၁၊ ဒေါ်မြဝင်း ၁၈၄/၁၁ရပ်ကွက် သီဟသုရလမ်း တောင်ဥက္ကလာပ ဖုန်း-၅၇၃၁၄၃၊ ဒေါ်ခိုင်နု တိုက် (၂၅) အခန်း(၁၉) ဦးဝိစာရအိမ်ရာ ဖုန်း-၃၇၄၄၉၀ တို့သို့ နိုဝင်ဘာ ၄ ရက်နောက်ဆုံးထား စာရင်းပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

## စီထွ ဒီဂျစ်တယ်ကတ္တား လှူဒါန်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူး၍ လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီထွ ဒီဂျစ်တယ် ကတ္တားလှူဒါန်းပွဲကို အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စီထွ ဒီဂျစ်တယ်ကတ္တားကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးဇော်မင်းသန့်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အရောင်းမန်နေဂျာ ဦးတင်ဦးက ကုန်စည်ဒိုင်များသို့ ရောင်းချပေးမည့် ကတ္တားများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက်လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီထွ ဒီဂျစ်တယ်ကတ္တားများကို ပေးအပ်လှူဒါန်းခဲ့သည်။**(အောက်ပုံ)** (သတင်းစဉ်)



## စာအုပ်များပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၃**

တောင်ကုတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်ဆင့်က သုတရသစာအုပ်စာစောင် ၇၈ အုပ်ကို မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေထံ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(အပေါ်ယာပုံ)** (မြို့နယ်ပြန်/ဆက်)



## မူးယစ်ကင်းစင် အလှဆင်




နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၅)ကြိမ်မြောက် တရုတ်- အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီ အမြဲတမ်းကော်မတီဝင် မစ္စတာရှင်န်းပေဟိုင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ကျင်းပမည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၀ရက် နံနက် ၁၀နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ ၃၅မိနစ်တွင် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။**

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီ အမြဲတမ်းကော်မတီဝင် မစ္စတာ ရှင်န်းပေဟိုင်(Mr.Shen Bei Hai)၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးဌာန ဒုတိယအကြီးအကဲ မစ္စတာကျူးရှူဟွား (Mr.Zhu Shuhua)တို့က လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြပြီး ကလေးငယ်တစ်ဦးက ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

## ညှော့ခံကြိုဆို

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်အား ဒေသခံတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ကလည်း ရိုးရာယဉ်ကျေးမှုအကများဖြင့် ညှော့ခံကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ပြည်နယ်ညှော့ဂေဟာ လီယွမ်ဟိုတယ်(Liyuan Resort)သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၀-၂၀၀၈ (သောကြာနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | “နေရာတိုင်းမှာတရားရှိတာသိအောင်ကြည့်” တရားတော် (အပိုင်း-၁)(ဆရာတော်အရှင်ပုညာနန္ဒ) |
| ၇း၅၅ - ၁း၅၅ | အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ သာကေတမြို့နယ် ပထမအကြိမ်ပဋ္ဌာန်းသမုဟ္ပာဒ်အထူးသင်တန်းဆင်းပွဲ |
| ၈း၁၅ - ၂း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ - ၂း၂၀ | VJ Choice |
| ၈း၄၅ - ၂း၄၅ | သာယာငြိမ်းချမ်းစိမ်းလန်းဝေစည်ငွေတောင်ပြည် |
| ၉း၂၀ - ၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ - ၃း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ - ၃း၃၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | ခမ်းနားမှုများနှင့်တန်ဆာဆင်ခြင်း |
| ၁၀း၁၀ - ၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ - ၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ - ၄း၂၀ | လှေလှော်စရာကွန်ပျူတာကမ္ဘာ |
| ၁၀း၄၀ - ၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ - ၄း၅၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း) |
| ၁၁း၁၅ - ၅း၁၅ | တိရစ္ဆာန်လေးတွေမွေးကြမယ် |
| ၁၁း၃၀ - ၅း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅ - ၅း၃၅ | မြန်မာ့ရုပ်ရှင်နေ့ အကြိုဟောပြောပွဲနှင့်သက်ကြီးပူဇော်ပွဲ |
| ၁၂း၀၅ - ၆း၀၅ | လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား |
| ၁၂း၂၅ - ၆း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀ - ၆း၃၀ | Activities In The City (မင်္ဂလာဝတ်စုံနှင့်ခန်းဝင်ပစ္စည်းပြပွဲ) |
| ၁၂း၄၀ - ၆း၄၀ | Art Vision (Style 2 art exhibition) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✳ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံ Mr. Wang Zongying နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

## စွဲမြဲလျက်သာ ထိန်းသိမ်းပါ

✳ ဆိုကရေးတီး၊ ပြိုင်ပွဲကြီး၏
ခရီးတွက်စစ် ဆယ့်ခြောက်နှစ်ကြာ
ကာလတာသည် စဉ်လာမပျက်
အညွန့်တက်၍ ခက်လက်ဝေဆဲ
စည်ကားမြဲနှင့် ဝုံချီးသဘင်
ဆင်ယင်ကျင်းပသမယ။

✳ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်
အနာဂတ်အတွက် စွဲမှတ်ပိုက်ယူ
တိုင်းရင်းသူ တိုင်းရင်းသား မကွဲပြားဘဲ
စိတ်ထားတူမျှ ပေါင်းဆုံကြသည်
အလှဖုံဖုံ စုံစုံပွင့်လျက်
စိတ်ချင်းဆက်ကာ လက်ယှက်ပေါင်းစု
အနုပညာ ပွဲမဟာသို့
နွှဲလာပျော်ပါး ပြည်သူများလည်း
နှစ်ပါးကိုယ်စိတ်လန်းရွှင်စေ။

✳ နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှု၏
အနုပညာ အဖြာဖြာကို
ရှည်ကြာခိုင်မြဲ နှလုံးထဲ၌
စွဲမြဲလျက်သာထိန်းသိမ်းပါစို့။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

**ချမ်းငြိမ်းအောင်**

## အထက(၁)ပုဇွန်တောင် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

အထက(၁) ပုဇွန်တောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်သည်။ အခမ်းအနားဖြစ်မြောက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် အထက(၁) ပုဇွန်တောင်၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြေးမုံ The Mirror — အီရတ်နှင့် အာဖဂန်နစ္စတန် သတင်းများ



အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာဒေသတွင် ဗုံးပေါက်ကွဲ ပြီးနောက် ပျက်စီးနေသော အဆောက်အအုံတစ်ခုနှင့် ကားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်နစ္စတန်နိုင်ငံ၌ လေကြောင်းမှ မှားယွင်းပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင် ကိုးဦးသေဆုံး

ကဘူး အောက်တိုဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်ပြည်နယ်တွင် တာလီဘန်စစ်သွေးကြွများ ခိုအောင်းရာဒေသများသို့ အောက်တိုဘာ ၂၂ ရက် စောစောပိုင်းက နိုင်ငံစုံတပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်ရာ အာဖဂန်တပ်ဖွဲ့ဝင် ကိုးဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ခို့စ်ပြည်နယ်တွင် လွန်ခဲ့သော ညပိုင်းက မှားယွင်းပစ်ခတ်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်များ သေကျေဒဏ်ရာရရှိကြောင်း အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များက အတည်ပြု ပြောကြားသည်။

သို့သော်လည်း သေကျေဒဏ်ရာရရှိမှု အရေအတွက်ကို ပြောကြားခြင်း မရှိကြောင်း သိရသည်။ **အင်တာနက်။**

## အာဖဂန်နှင့် အမေရိကန်တပ်ဖွဲ့များ စစ်ဆင်ရေးပြုလုပ် စစ်သွေးကြွ ဒါဇင်များစွာ သေဆုံး

ကဘူး အောက်တိုဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ဘက်နှင့် အရှေ့ဘက်တွင် အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များနှင့် အာဖဂန်တပ်ဖွဲ့များ ပူးပေါင်း၍ စစ်ဆင်ရေးများ ဆက်တိုက်ပြုလုပ်ရာ တာလီဘန်စစ်သွေးကြွ ဒါဇင်ပေါင်း များစွာ သေဆုံးကြောင်း ဗုဒ္ဓဟူးနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

အောက်တိုဘာ ၂၁ ရက်က ဟဲလ်မန်ပြည်နယ် နာဝါခရိုင်တွင် နိုင်ငံစုံတပ်ဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် တပ်မှူးငါးဦး အပါအဝင် သူပုန်ဒါဇင်များစွာ သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ အင်္ဂါနေ့က ဟဲလ်မန်ပြည်နယ်တွင် စစ်ယာဉ်တစ်စီး မိုင်းဗုံးထိမှန်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသည်။ သို့သော်လည်း အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ ဗုဒ္ဓဟူးနေ့က ထုတ်ဖော်ပြောကြားရာ၌ စစ်သွေးကြွခြောက်ဦး သေဆုံးပြီး ခုနှစ်ဦးဖမ်းဆီးရမိသည်ဟုဆိုသည်။ **အင်တာနက်။**



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်ရဲတပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၃၅ ဦး သေဆုံး

ကဘူး အောက်တိုဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဥရုဇဂန်ပြည်နယ်တွင် အောက်တိုဘာ ၂၁ ရက် ညပိုင်းက နိုင်ငံစုံတပ်ဖွဲ့၏ လေကြောင်းပစ်ကူဖြင့် အာဖဂန်ရဲတပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၃၅ ဦး သေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

ဥရုဇဂန်ပြည်နယ် ဒီဟာဝတ်ခရိုင်ဝန်းကျင်ရှိ တာလီဘန်စစ်သွေးကြွ ၁၀၀ ကျော်ကို ဒေသစံတော်ချိန် ည ၉ နာရီခန့်၌ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး ခြောက်ဦးကျော် ဒဏ်ရာ ရရှိသည်။

ယင်းတိုက်ခိုက်မှုတွင် ရဲစခန်းသုံးခု ပျက်စီးပြီး ရဲတပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးကြောင်း တာလီဘန်များက ပြောကြားသည်။

အောက်တိုဘာလဆန်းကတည်းက ဟဲလ်မန့်ပြည်နယ် မြို့တော် လာ့ရှ်ကာဂါ၌ တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်၊ အရပ်သားများနှင့် စစ်သွေးကြွများအပါအဝင် ရာနှင့်ချီ၍ သေဆုံးသည်။ **အင်တာနက်။**

## အီရတ်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ၊ လေးဦးသေဆုံး

မိုဆူးလ် အောက်တိုဘာ ၂၂

အီရတ်နိုင်ငံ နင်နီးဗားပြည်နယ် မိုဆူးလ်မြို့တွင် အောက်တိုဘာ ၂၂ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် လေးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှု ပြင်းထန်ခြင်းကြောင့် အနီးအနားရှိ အဆောက်အအုံများနှင့် အရပ်သားကားများလည်း ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တွင်လည်း ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အရပ်သားကား သုံးစီး ပျက်စီးပြီး အရပ်သားတစ်ဦး သေဆုံးကာ ရှစ်ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ **အင်တာနက်။**

## အာဖဂန်နစ္စတန်၌ နိုင်ငံစုံတပ်ဖွဲ့ လေယာဉ် လေဆိပ်အဆင်းတွင် မီးလောင်

ကဘူး အောက်တိုဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့မှ ကီလိုမီတာ ၄၀ ခန့်အကွာရှိ နိုင်ငံစုံတပ်ဖွဲ့၏ ဘက်ဂရမ်လေယာဉ်ကွင်း၌ အောက်တိုဘာ ၂၁ရက်က အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များလိုက်ပါလာသော ရေတပ်ပိုင် ပီ-၃ အော်ရီအွန် လေယာဉ်ဆင်းသက်စဉ် မီးလောင်သဖြင့် တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံစုံတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဖြစ်ပွားမှုကြောင့် အမေရိကန်လေယာဉ်အမှုထမ်းတစ်ဦး ဒဏ်ရာရရှိပြီး ဆက်ဒရမ်ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း၊ ထို့အပြင် ယင်းလေယာဉ်ပျက်ကျရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာနှင့် ဂါဇာနီပြည်နယ်တို့တွင် အောက်တိုဘာ ၂၀ ရက်က တာလီဘန်နှင့် အယ်လ်ခိုင်ဒါစစ်သွေးကြွများကို ပစ်မှတ်ထား စစ်ဆင်ရေးပြုလုပ်ရာ၌ စစ်သွေးကြွလေးဦးအား ဖမ်းဆီးရမိကြောင်း နိုင်ငံစုံတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## အီရတ်၌ မတော်တဆဖြစ်ပွားမှုကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်နိုင်ငံအနောက်ပိုင်း အင်ဘာပြည်နယ်တွင်အမေရိကန်မရိန်းတပ်ဖွဲ့ဝင် တစ်ဦးသည် စစ်မြေပြင်တွင် မဟုတ်ဘဲနှင့် စခန်းမှာပင် သေဆုံးကြောင်းအမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။ ၎င်းတပ်ဖွဲ့ဝင်သည် အနောက်ပိုင်းနိုင်ငံစုံတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေပြီး ဘဂ္ဂဒက်မြို့ အနောက်ဘက်ပြည်နယ် အမေရိကန်အခြေစိုက်စခန်း အယ်လ်အာဆတ်၌ တနင်္ဂနွေနေ့က သေဆုံးခဲ့ကြောင်း၊ မတော်တဆဖြစ်ပွားရခြင်း အကြောင်းရင်းကို ပြောကြားခြင်း မရှိဘဲ စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသာ ဖော်ပြသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်လာကတည်းက အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ ၄၁၈၆ ဦး ရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ကိန်းဂဏန်းများအရ သိရှိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## အီရတ်အနောက်တောင်ပိုင်း တိုက်ပွဲပြင်းထန် ၁၅ ဦး သေဆုံး၊ ၄၀ ဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်နိုင်ငံ အနောက်တောင်ပိုင်းဒေသတွင် အောက်တိုဘာ ၂၁ ရက်က တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားမှုကြောင့် ၁၅ ဦး သေဆုံးပြီး ၄၀ ကျော်ဒဏ်ရာရရှိကြောင်း အင်္ဂါနေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာရှိ ဂျာဖ် အယ်လ်ဆာစ်ဟာဒေသအနီး ဘာဘယ်ပြည်နယ်မှ လူများကို အမ်ဘာပြည်နယ် အနောက်ပိုင်းရာမာဒီမြို့မှ လူများက တိုက်ခိုက်ခဲ့ရာ သေဆုံးမှုများ ဖြစ်ပွားခဲ့ကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

အခင်းဖြစ်ပွားမှုကြောင့် အိမ်များနှင့် အရပ်ကားအချို့ ပျက်စီးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုအတွင်း ပြည်တွင်းလုံခြုံရေးတပ်ဖွဲ့များ ပါဝင်ခြင်း မရှိသော်လည်း သတိပေးတားမြစ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**



အီရတ်နိုင်ငံ ဒိုရာခရိုင်တွင် မသင်္ကာဖွယ်ရာ ပြည်သူများအား အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီးထားသည်ကို အောက်တိုဘာ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ၂၀၀၀-၂၀၀၇ ခုနှစ်အတွင်း အာရှနှင့်အီးယူတို့ ကုန်သွယ်မှု တိုးတက်လာရာတွင် တရုတ်ဦးဆောင်နေဟုဆို

ဘရပ်ဆဲ အောက်တိုဘာ ၂၂

တရုတ်နိုင်ငံသည် လွန်ခဲ့သော ခုနစ်နှစ်ကာလအတွင်း အာရှနိုင်ငံများနှင့်လည်းကောင်း၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း ကုန်သွယ်ရာ၌ တိုးတက်လာရာတွင် တရုတ်နိုင်ငံက အသာစီးရခဲ့ကြောင်း ဥရောပသမဂ္ဂ၏ စာရင်းအင်းဗျူရို ယူရိုစတက်က ပေကျင်းတွင် ကျင်းပမည့် အာရှ-ဥရောပ ဆွေးနွေးပွဲမတိုင်မီ လေးရက်အလို တနင်္ဂနွေနေ့၌ ကြေညာသည်။

၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၇ ခုနှစ်အတွင်းတွင် ဥရောပသမဂ္ဂ၏ အာရှ-ဥရောပဆွေးနွေးပွဲတွင် အမြဲတမ်း ပါဝင်သော အာရှ ၁၆ နိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုးသည် ရာခိုင်နှုန်း ၆၀ ဝန်းကျင်အထိ ကြီးထွားလာသည်။ လွန်ခဲ့သော ခုနစ်နှစ်အတွင်း အီးယူ၏ အာရှ ၁၆ နိုင်ငံသို့ ပို့ကုန်သည် ယူရို ၁၄၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၉၇ ဘီလီယံ)မှ ယူရို၂၂၈ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၀၈ ဘီလီယံ) သို့လည်းကောင်း၊ သွင်းကုန်သည် ယူရို ၂၈၅ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၈၅ဘီလီယံ)မှ ယူရို ၄၅၉ ဘီလီယံ (ဒေါ်လာ ၆၁၉ ဘီလီယံ) သို့လည်းကောင်း တိုးတက်လာခဲ့သည်။ အာရှနိုင်ငံများသို့ အီးယူမှတင်ပို့သော အဓိကပို့ကုန်များမှာ လေယာဉ်များ၊ စိန်အကြမ်းထည်များ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် ဆေးဝါးများဖြစ်ကြပြီး အာရှနိုင်ငံများမှ အဓိက ပြန်လည်တင်ပို့သောပစ္စည်းများမှာ ကွန်ပျူတာများ၊ ကွန်ပျူတာ အစိတ်အပိုင်းများ၊ မိုဘိုင်းဖုန်းများ၊ မော်တော်ယာဉ်များနှင့် ဒစ်ဂျစ်တယ်ကင်မရာများ ဖြစ်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်အသီးသီးတွင် ဆောင်ရွက်ဖွယ်ရှိသည်များကို ထိရောက်အောင်မြင်စွာဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် မိမိတို့ အသင့်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

# နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု စဉ်ဆက်မပြတ်တိုးတက်နေမည်ဟု မျှော်လင့်ယုံကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဘက်ပေါင်းစုံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိုအလေးထား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝမ်ကျိရှန်တို့သည် အောက်တိုဘာ ၂၁ရက် ညနေ ၃နာရီ ၃၅မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် နိုင်ငံတကာကွန်ဖရင့် ဗဟိုဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ မစ္စတာလီကျောက်ကျွား၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ချန်တဲ့မျင်၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာဂိုရှန်းခွင်း၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကောင်းဟုချန်၊ နိုင်ငံတော်ခရီးသွားလာရေး ဗျူရိုအကြီးအကဲ မစ္စတာရှောက်ချိဝေနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာယီဖျင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောကြားရာ၌ အဆွေတော်နှင့်တကွ တရုတ်ခေါင်းဆောင်များအနေဖြင့် နိုင်ငံတော်၏ တာဝန်ဝတ္တရားကို မအားမလပ် ထမ်းဆောင်နေသည့်ကြားက (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးတို့ကို တခမ်းတနား ကျင်းပပေးခဲ့သည့်အတွက်လည်းကောင်း၊ မိမိအား ဖိတ်ကြားပေးခဲ့ခြင်းအတွက်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးစွာ အဆွေတော်အပါအဝင် တရုတ်ခေါင်းဆောင်ကြီးများအား မြန်မာနိုင်ငံခေါင်းဆောင်ကြီးများဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းတို့က နှုတ်ခွန်းဆက်သလိုက်ပါကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်ပြီး တရုတ်နိုင်ငံသို့ ပထမဦးဆုံးအကြိမ်အဖြစ် ယခုနှစ် ဩဂုတ်လအတွင်းက ကမ္ဘာ့အိုလံပစ်သမိုင်းကြောင်းတစ်လျှောက်တွင် အကြီးကျယ်အခမ်းနားဆုံးနှင့် အအောင်မြင်ဆုံးဖြစ်သည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိခဲ့ပါကြောင်း။

ထိုကဲ့သို့ ဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေါင်းဆောင်များ၊ အစိုးရနှင့် ပြည်သူပြည်သားအားလုံးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်များ၊ အစိုးရနှင့် တရုတ်ပြည်သူအားလုံးနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို အဆွေတော်အား ထပ်မံပြောကြားလိုပါကြောင်း။

အိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ မိမိတက်ရောက်နိုင်ခဲ့သည့်အတွက် အစဉ်အလာရှိပြီး နှစ်ပေါင်းများစွာ တည်ရှိခဲ့သည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုအားသစ်လောင်းပေးရာရောက်သည်ဟု ခံယူပါကြောင်း။

မိမိတို့၏ မိတ်ဆွေနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံအနေဖြင့် ထပ်ဆင့်အောင်မြင်မှုတစ်ခုအနေနှင့်ကတော့ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂ ရက်က တရုတ်နိုင်ငံက တတိယမြောက် လူလိုက်ပါသည့် အာကာသယာဉ် (ရှန်ကျို့-၇)အား အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ခြင်းနှင့် ပထမဦးဆုံး အာကာသအတွင်း လမ်းလျှောက်နိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ထပ်မံ မှတ်တမ်းတင်နိုင်ခဲ့သည့် ဖော်ပြပါ အောင်မြင်မှုအတွက် အဆွေတော်တို့နှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းကို ပြောကြားလိုပါကြောင်း။

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝမ်ကျိရှန်အား ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် နိုင်ငံတကာကွန်ဖရင့် ဗဟိုဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်တို့ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် နိုင်ငံတကာ ကွန်ဖရင့် ဗဟိုဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

☆ စာမျက်နှာ ၅ မှ

ယခု ကျင်းပပြုလုပ်သည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများ စတင်ကျင်းပရန်အတွက် ၂၀၀၃ ခုနှစ်က နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကျားပေါင်မှ စတင်အကြံပြုဆွေးနွေးခဲ့ပြီး အာဆီယံနိုင်ငံများမှလည်း ထောက်ခံခဲ့သည့်အတွက် ၂၀၀၄ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

တရုတ်နိုင်ငံ နန်နင်းမြို့အနေဖြင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်က စတင်ပြီး အိမ်ရှင်အဖြစ်လက်ခံကျင်းပလာသည်မှာ ယခုနှစ်ဆိုလျှင် (၅)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲများ ဆက်တိုက်ကျင်းပနိုင်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြားတွင်လည်းကောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံများအကြားတွင်လည်းကောင်း ကုန်သွယ်ရေးပမာဏ ပိုမိုတိုးမြှင့်လာခြင်းဖြစ်ပါကြောင်း။

ယခုနှစ် ကျင်းပသည့် ကုန်စည်ပြပွဲနှင့် ထိပ်သီးအစည်းအဝေးအနေဖြင့် တရုတ်နိုင်ငံနှင့်အာဆီယံနိုင်ငံတို့အကြားကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းများသာမက ယခုနှစ်မှစတင်ပြီး သတင်းနှင့်ဆက်သွယ်ရေး နည်းပညာ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍများအထိပါ ပူးပေါင်းဆောင်ရွက်ရေးအတွက် အောင်မြင်စွာတိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ်တွင်ကျင်းပခဲ့သည့် ပထမအကြိမ် နန်နင်းကုန်စည်ပြပွဲနှင့် ထိပ်သီးအစည်းအဝေးမှစ၍နှစ်စဉ်တက်ရောက်ခြင်းကို ကြည့်ခြင်းအားဖြင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်းအပေါ် မည်မျှအလေးထားကြောင်း သိရှိနိုင်ပါကြောင်း၊ တရုတ်-အာဆီယံ စီးပွားရေးရင်းနှီးဖြစ်ထွန်းမှုကိုသာမက မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေးဆက်ဆံမှုများ ပိုမိုဖြစ်ထွန်းလာစေမည်ဟု ယုံကြည်ပါကြောင်း။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးအနေဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ဘက်ပေါင်းစုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်ခြင်းအား တွန်းအားပေးလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ယခုနှစ် ကျင်းပသည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၏ အဓိကဆောင်ပုဒ်ဖြစ်သည့် "အမြင်ကျယ်ကျယ်ဖြင့် ရှေ့ဆက်ဆောင်ရွက်ချက်' "Broader Vision, Move Action"ဆိုသည့် စကားရပ်နှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်အသီးသီးတွင် ဆောင်ရွက်ဖွယ်ရှိသည်များကို ထိရောက်အောင်မြင်စွာဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရန် မိမိတို့အနေဖြင့် အဆင်သင့်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့် စပ်လျဉ်း၍လည်း ပြောကြားလိုပါကြောင်း။

အနာဂတ်မြန်မာနိုင်ငံတော်အတွက် အရေးကြီးသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူ ၂၇သန်းကျော်အနက် (၉၂ဒသမ၄၈) ရာခိုင်နှုန်းက အတည်ပြုပေးခဲ့သည့်အတွက် အတည်ပြု ပြဋ္ဌာန်းကြောင်း ကြေညာခဲ့ပြီးဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ကြေညာထားပြီးဖြစ်သည့်အတိုင်း ၂၀၁၀ပြည့်နှစ်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပကာ ဒီမိုကရေစီ နိုင်ငံအဖြစ် ကူးပြောင်းတော့မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်အား အေးချမ်းတည်ငြိမ်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ဆက်လက်တည်ဆောက်သွားမည့် အဆင့်များအား မြန်မာနိုင်ငံ၏ အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအနေဖြင့် နားလည်မှုရှိပြီး မြန်မာနိုင်ငံဘက်မှ ဆက်လက်ထောက်ခံသွားလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အဆွေတော်သိရှိပြီး ဖြစ်သည့်အတိုင်း မိမိတို့မြန်မာနိုင်ငံတွင် မေ ၂ရက်နှင့် ၃ရက်တို့၌ နာဂစ်မုန်တိုင်း တိုက်ခတ်ခြင်းခံခဲ့ရပြီး ယင်းသဘာဝဘေးဒဏ်သည် မြန်မာ့သမိုင်းကြောင်းတွင် ပထမဦးဆုံးအကြိမ် အဆိုးရွားဆုံး သဘာဝဘေးဒဏ်ဖြစ်ခဲ့ပါကြောင်း။

မုန်တိုင်းတိုက်ခတ်ခံခဲ့ရခြင်းအတွက် တရုတ်ခေါင်းဆောင်များထံမှ စာနာထောက်ထားကြောင်း သဝဏ်လွှာများပေးပို့ခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးနှင့် အကူအညီ အမေရိကန်ဒေါ်လာ ၁၀ သန်း ပေးအပ်ခဲ့ခြင်းများသည် မြန်မာပြည်သူအားလုံးအတွက် အင်အားတစ်ရပ်ဖြစ်စေခဲ့ပါကြောင်း။

ပထမအဆင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပြီးဆုံးသွားပြီဖြစ်ပြီး လေဘေးသင့် ပြည်သူများ၏လူမှုဘဝများ ပုံမှန်ပြန်လည်ရောက်ရှိရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာ အတိုင်းအတာတစ်ခုထိ အောင်မြင်လျက်ရှိနေပြီဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း၊ လေဘေးသင့် ပြည်သူများ မူလအဆင့်ထက်သာလွန်ကောင်းမွန်သော နေအိမ်များ ဆောက်လုပ်ပေးခဲ့သည့်အပြင် မူလအသက်မွေးဝမ်းကျောင်းဖြစ်သည့် လယ်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယင်းဒေသသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ မြစ်ချောင်းများပေါများပြီး သွားလာရေး ခက်ခဲပါကြောင်း၊ သို့ဖြစ်၍ သွားလာရေးလွယ်ကူစေရန် လမ်းမကြီး ငါးခု ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် Cyclone Shelter များလည်း တည်ဆောက်ပေးရန်စီမံလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒ (One China Policy) ကို အစဉ်အမြဲလိုက်နာကျင့်သုံးခဲ့ပြီး ထိုင်ဝမ်ကျွန်းအား တရုတ်နိုင်ငံ၏ မည်သို့မျှ ခွဲခြား၍မရသည့်အစိတ်အပိုင်းအဖြစ် ခံယူထားပါကြောင်း။

အဆွေတော် ဒုတိယဝန်ကြီးချုပ်နှင့်တကွ တရုတ်နိုင်ငံခေါင်းဆောင်ကြီးများ ကိုယ်စိတ်ကျန်းမာ ချမ်းသာစေရန်အတွက်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူများ ဆတက်ထမ်းပိုးစည်ပင်ဝပြောတိုးတက်စေရန်အတွက်လည်းကောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေး ယခုထက်ပိုမိုခိုင်မာတိုးတက်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရေး ပိုမိုဖြစ်ထွန်းလာစေရေးအတွက်လည်းကောင်း ဆုမွန်ကောင်းများ တောင်းပါကြောင်း။

၂၀၀၄ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီမြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပြီးနောက် နှစ်ဖက်ကူးသန်းရောင်းဝယ်ရေးတွင် သိသိသာသာတိုးတက်လာခဲ့ကြောင်း၊ မိမိတို့နှစ်ဖက်အကြား ဆောင်ရွက်ရန် ကိစ္စအများအပြားရှိသည့်အနက် အချို့ကိစ္စရပ်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ပြီးဖြစ်သကဲ့သို့ အချို့သောကိစ္စရပ်များမှာလည်း ကျန်ရှိနေသေးပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်က ပြောကြားရာ၌ နှစ်ပေါင်း(၅၀)ကျော်အတွင်း နိုင်ငံတကာဆက်ဆံရေး အခြေအနေပြောင်းလဲမှု မြောက်မြားစွာရှိခဲ့သော်လည်း မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးမှာ ပြောင်းလဲမှုမရှိခဲ့ကြောင်း။

မိမိတို့ နှစ်နိုင်ငံ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများလည်း တိုးတက်လျက်ရှိကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနေဖြင့် တရုတ်-မြန်မာဆက်ဆံရေးကို လွန်စွာအလေးထားပါကြောင်း။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုစဉ်ဆက်မပြတ် တိုးတက်နေမည်ဟုလည်း မျှော်လင့်ယုံကြည်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်ရေး၊ စီးပွားရေးတိုးတက်ရေးနှင့် လူမျိုးစုများ စည်းလုံးညီညွတ်ရေး တိုးတက်ဖြစ်ပေါ်စေရန် အမြဲဆုမွန်တောင်းပါကြောင်း။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများကသာ ကိုယ့်အားကိုယ်ကိုး ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ပအင်အားစုများမှ မည်သည့်ပုံစံဖြင့် ဝင်ရောက်စွက်ဖက်မှုကိုမဆို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့် ဆန့်ကျင်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို လိုလားသည့် အိမ်နီးချင်းကောင်းနိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဘက်ပေါင်းစုံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို အလေးထားပါကြောင်း၊ အဆွေတော်ဝန်ကြီးချုပ်ကို ဝမ်းမြောက်စွာပြောကြားလိုသည့် ကိစ္စတစ်ရပ်မှာ တရုတ်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံသို့ ကုန်တင်မီးရထားတွဲ ၂၀၀၊ လူစီးမီးရထားတွဲ ၂၀နှင့် စက်ခေါင်း ငါးစင်းတို့ကို လက်ဆောင်ပေးအပ်သွားရန်ဆုံးဖြတ်ထားပါကြောင်း၊ နှစ်နိုင်ငံအကြား သက်ဆိုင်ရာဝန်ကြီးဌာနများအကြား မြန်မြန်ဆန်ဆန် ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

အဆွေတော်အနေဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကိုဦးဆောင်၍ (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့်အတွက် မိမိအနေဖြင့် တရုတ်နိုင်ငံ အစိုးရကိုယ်စား လှိုက်လှဲစွာ ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

○ ကျောဖုံးမှ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က မြဝတီဘဏ် လီမိတက်(နေပြည်တော်)ဘဏ်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်၍ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မြဝတီဘဏ်လီမိတက် (နေပြည်တော်)ဘဏ်အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများနှင့် အတူမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ဘင်ခရာအဖွဲ့ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးက ပန်းဖွားအဖွဲ့ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေမိုး၊ ငွေမိုးများကို ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြဝတီဘဏ်လီမိတက် (နေပြည်တော်) ဘဏ်အဆောက်အအုံသစ်နှင့်ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယခုဖွင့်လှစ်လိုက်သည့် မြဝတီဘဏ်လီမိတက်(နေပြည်တော်)ဘဏ်သည် စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ ငွေလွှဲခြင်း၊ ငွေပေးအမိန့်လွှာများ ရောင်းချခြင်း၊ ဘဏ်အာမခံစာတမ်းများ ထုတ်ပေးခြင်း၊ Standing Instruction ကို ဘဏ်မှ လက်ခံဆောင်ရွက်ပေးခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ ငှားဝယ်စနစ်ဖြင့် ငွေချေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို ယနေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)




**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မြဝတီဘဏ်လီမိတက် (နေပြည်တော်) ဘဏ်အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)



# စစ်ကိုင်း-အုန်းတော-ညောင်ပင်ဝန်း-မြင်းမူ လမ်းပိုင်း တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၃

**စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် အောက်တိုဘာ ၁၃ ရက်တွင် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကံတလူကျေးရွာအနီး မိုင်တိုင်အမှတ်(၂၂/၀)ရှိ စစ်ကိုင်း-အုန်းတော-ညောင်ပင်ဝန်း- မြင်းမူ လမ်းပိုင်းကို တာဝန်ယူ ဆောင်ရွက် လျက်ရှိသည့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံဦးတင်အောင်က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လမ်းအပိုင်းလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားကာ လမ်းသားချဲ့ခြင်း၊ ကတ္တရာရေပိတ်လွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ထို့နောက် တိုင်းမှူးသည် မိုင်တိုင် အမှတ်(၃၂/၅)နှင့်(၃၂/၆)အကြား၌ လမ်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီက ၂၀၀၈-၂၀၀၉ ဘဏ္ဍာ ရေးနှစ်အတွင်း စစ်ကိုင်း-အုန်းတော- ညောင်ပင်ဝန်း-မြင်းမူ လမ်းပိုင်းကို အပိုင်းသုံးပိုင်းခွဲ၍ မူလလမ်းအကျယ် ၁၈ ပေမှ ၂၄ပေအကျယ် လမ်းသား ချဲ့ခြင်း၊ ကတ္တရာရေပိတ်လွှာခင်းခြင်း လုပ်ငန်းနှင့် မြင်းမူမြို့ မြို့ရောင်လမ်း လမ်းသားသစ်ချဲ့ခြင်းနှင့် ခြောက် လက်မ ကတ္တရာလမ်းသားသစ် ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)



# ကိုရီးယားကုန်စည်ပြပွဲ တက်ရောက်ရန် မန္တလေးတိုင်း ကုန်သည်/စက်မှုအဖွဲ့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၃**

ကိုရီးယားသမ္မတနိုင်ငံ Inchean မြို့၌ အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် Inchean Autoparts and Accessories Show-2008 သို့ တက်ရောက်ရန် မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ပြည်ပဆက်ဆံ ရေးတာဝန်ခံ ဦးကျော်မင်း(စိန်နှင့်မြ) ဦးဆောင်၍ အဖွဲ့ဝင်ဦးမြင့်ဆွေ (မန်း စတား ကားထုတ်လုပ်ရေး)၊ ဦးကိုကိုဦး (မြစ်ကြီးနား ကားထုတ်လုပ်ရေး)၊ ဦးဌေးမြင့်ဦး(စက်မှုလက်မှုလုပ်ငန်း)၊ ဦးစိုးနိုင်(ကားပစ္စည်းရောင်းဝယ်ရေး) တို့ပါဝင်သည့် အဖွဲ့သည် အောက်တို ဘာ ၂၀ရက် ညနေပိုင်းတွင် ရန်ကုန် မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာ သွားကြသည်။

(သတင်းစဉ်)




**ကိုရီးယားသမ္မတနိုင်ငံ Inchean မြို့၌ ကျင်းပမည့် Inchean Autoparts and Accessories Show-2008 သို့ တက်ရောက်ရန် ရန်ကုန် မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည့် မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ် အမှုဆောင် ပြည်ပဆက်ဆံရေးတာဝန်ခံ ဦးကျော်မင်း ဦးဆောင် သည့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။**

(ဓာတ်ပုံ-ကုန်သည်/စက်မှု)

# သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

**သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၅/၂၀၀၈) ဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ဖျာပုံမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားသည်။**

အဆိုပါသင်တန်းကို သင်တန်းသား ၃၀ ဖြင့် အောက် တိုဘာ ၂၄ ရက်အထိ ဖွင့်လှစ်ပို့ချသည်။

ထို့နောက် ဝန်ကြီးသည် ဖျာပုံခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ကွပ်ကဲရေးရုံးခန်းမ၌ တာဝန်ရှိသူများနှင့် ဖျာပုံမြို့ပေါ်၌ အခြေစိုက်၍ ကယ် ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင် ရွက်နေသည့် UNHCR, World Vision, WFP, Save The Children စသည့်အဖွဲ့ ၁၇ ဖွဲ့မှ ကိုယ်စားလှယ်များ နှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖျာပုံမြို့ အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင် သစ် ဆောက်လုပ်နေမှုကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေး ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ပညာရည်ချွန်ဆုနှင့် ထောက်ပံ့ကြေးချီးမြှင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ပုလောမြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ တွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြ သည့် တစ်နိုင်ငံလုံးရှိ ပုလောမြို့နယ် သားများ၏သား၊ သမီးများနှင့် ၂၀၀၉ ပညာသင်နှစ်အတွက် တက္ကသိုလ်၊ ကောလိပ်သိပ္ပံများတွင်ပညာသင်ကြား ခွင့်ရရှိသည့် ပညာထူးချွန်ပြီး ပညာ သင်ကြားရန် အခက်အခဲရှိသည့် အသင်းဝင်သား၊ သမီးများနှင့်အသက် (၇၅)နှစ်ပြည့်ပြီးသည့်အသင်းဝင်များ၊ အသင်းဝင်မိဘများ(ရန်ကုန်) သည် ပုလောမြို့နယ်အသင်း (ရန်ကုန်) မြိတ်/ပုလော အမှုဆောင်အဖွဲ့များမှ တစ်ဆင့် သတ်မှတ်ပုံစံ၊ လိုအပ်သည့် အထောက်အထားများဖြင့် နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ လျှောက် ထားနိုင်သည်။ (ကြေးမုံ)

# International Tourism သင်တန်း မိတ်ဆက်ပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

Ocean Gate ၏ International Tourism သင်တန်း မိတ်ဆက်ပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တို ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ Ocean Gate သင်တန်းခန်းမ၌ ကျင်းပရာ Ocean Gate Training Centre မှ အမှုဆောင် အရာရှိချုပ် ဦးသိန်းစိုးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** တက်ရောက် လာကြသူများ၏ သိရှိ လိုသည်များကို ပြန်လည်ဖြေကြား သည်။

ယခုဖွင့်လှစ်မည့် International Tourism သင်တန်းတွင် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံ သဘောတရားနှင့် အလေ့အကျင့် များ၊ ခရီးသွားဝန်ဆောင်မှု စီးပွားရေး မြှင့်တင်ခြင်းနှင့် နိုင်ငံတကာဈေးကွက် ရှာဖွေခြင်းဆိုင်ရာများ၊ စားသုံးသူ ဝန်ဆောင်မှုပေးခြင်း စသည့် နိုင်ငံ တကာ ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ် ခုနစ်ခုကို ခြောက်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေး မည့်အပြင် ပြည်တွင်းလုပ်ငန်းခွင် အတွက် လိုအပ်သည့် ပြည်တွင်းခရီး သွားဝန်ဆောင်မှုများ အကြောင်းနှင့် လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာနှင့်ကွန်ပျူတာ စနစ်များကိုပါ ထည့်သွင်း သင်ကြား ပေးသွားမည်ဖြစ်သည်။

Skill Certificate in International Tourism သင်တန်း သင်ယူ အောင်မြင်ပြီးပါက ပြည်တွင်း၊ ပြည်ပ ရှိ ခရီးသွားဝန်ဆောင်မှုနှင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများတွင် ဖောက် သည်ဝန်ဆောင်မှုပေးခြင်း၊ ကမ္ဘာ လှည့်ခရီးသွားများ စိတ်ဝင်စားသည့် နေရာများဆိုင်ရာ ဧည့်လမ်းညွှန်များ၊ ခရီးသွားကိုယ်စားလှယ်များ စသည် ဖြင့် City & Guilds လုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်နိုင်မည့်အပြင် နိုင်ငံတကာရှိ တက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့် မြင့်သင်တန်းများ၌ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ပေါင်းကူး တက်ရောက်နိုင်မည်ဖြစ်သည်။ International Tourism သင်တန်း ပထမအပတ်စဉ်ကို နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင် စားသောကျောင်းသား၊ ကျောင်းသူ များနှင့် မိဘများသည် Ocean Gate သင်တန်းကျောင်းတည်ရှိရာ အမှတ် (၃၅၅)၊ အခန်း(၂၀၆)၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၀၁၃၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၄-၁၀-၂၀၀၈ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄း၁၅ | ၄။ | မဟာဂီတချိုကြည်မြ |
| ၄း၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၄း၃၀ | ၆။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၀ | ၇။ | မြန်မာစာမြန်မာစကား |
| ၅း၀၀ | ၈။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၅း၄၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆း၄၅ | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၅။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၁၆)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | စိုက်ပျိုးသုတ |
| | ၂၀။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ |
| | ၂၁။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း -၁၇)** |
| | ၂၄။ | သင့်အတွက် မနက်ဖြန် |
| | ၂၅။ | အပိတ်နှုတ်ဆက်စကား |
| | ၂၆။ | ပြီးပါပြီ။ |

# ကမ္ဘာ့လူငယ်စစ်တုရင်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၃**

ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၁၉ ရက်မှ ၃၁ ရက်အထိကျင်းပမည့် ကမ္ဘာ့လူငယ်စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာစစ်တုရင် အားကစားအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ မြန်မာစစ်တုရင် အားကစားအဖွဲ့တွင် အုပ်ချုပ်သူ ဦးမောင်မောင်လွင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်)နှင့် ကစားသမား မောင်ညီလှိုင်စိုးတို့ ပါဝင်ကြပြီး ကမ္ဘာ့လူငယ် စစ်တုရင်ပြိုင်ပွဲ အသက်(၁၄)နှစ်နှင့်အောက် လူငယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ (စစ်တုရင်အဖွဲ့ချုပ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာကုန်စည်ပြခန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ပြခန်းများကို ကြည့်ရှုအားပေး

## ပြခန်းများ ကြည့်ရှုလေ့လာ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ နန်နင်းနိုင်ငံတကာ ကွန်ဗင်းရှင်းနှင့် ပြပွဲဗဟို (Nanning International Convention & Exhibition Centre) ၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ပြခန်းများကို ကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီခွဲတွင် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကျင်းပမည့် နန်နင်း နိုင်ငံတကာ ကွန်ဗင်းရှင်းနှင့် ပြပွဲဗဟိုသို့ ရောက်ရှိကြရာ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီ အမြဲတမ်းကော်မတီဝင် မစ္စတာ ရှင်န်းပေဟိုင် (Mr. Shen Bei Hai)၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုနှင့် ကုန်စည်ပြပွဲ ဖြစ်မြောက်ရေးကော်မတီဝင်များက ကြိုဆိုကြသည်။

### ကြိုဆို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကုန်စည်ပြပွဲ ကျင်းပမည့် ပြပွဲဗဟိုမြေညီထပ်သို့ ရောက်ရှိကြရာ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် စီးပွားရေးလုပ်ငန်းရှင်များက ကြိုဆိုကြသည်။







**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်း ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်စဉ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ ပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံက ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်း ဖွင့်ပွဲအခမ်းအနားကို ပြပွဲဗဟို ပထမထပ်ရှိ မြန်မာကုန်စည်ပြခန်း မုခ်ဦးရှေ့၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် သီရိသုဓမ္မသီဂီ ဒေါ်တင်နွယ်ဦး (မှန်ချီဆေးတိုက်)က ဂါရဝပြု ပန်းစည်းပေးအပ်သည်။

မြန်မာကုန်စည်ပြခန်း ဖွင့်ပွဲအခမ်းအနား မစတင်မီ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြပွဲဗဟို မြေညီထပ်ရှိ ခေတ်မီ အဆင့်မြင့်နည်းပညာ (Pavillion of Advanced Technology) ပြခန်းရှိ ရတနာပုံဆိုက်ဘာတက်မှ ထုတ်လုပ်သည့် ကျေးလက်ဒေသသုံး ဆက်သွယ်ရေး စက်ပစ္စည်းများနှင့် ကမ်းရိုးတန်းဒေသသုံး တယ်လီဖုန်းတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းပြခန်းရှိ သစ်အချောထည်ပစ္စည်းများကိုလည်းကောင်း၊ စားသောက်ကုန်လုပ်ငန်းပြခန်းတို့ကို လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်ပြသသည့် ပြခန်းရှိ ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်အများဆုံး တင်ပို့လျက်ရှိသည့် ရေထွက်ကုန်ပစ္စည်းတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ပြခန်းရှိ စပါးနှင့်ဆန်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းပြခန်းရှိ ပဲ၊ ပြောင်း၊ နှမ်းနှင့် တန်ဖိုးမြှင့် ပဲမျိုးစုံတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာကုန်စည်ပြခန်း ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ပါဝင်တက်ရောက် အားပေးချီးမြှင့်သည့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီ အမြဲတမ်းကော်မတီဝင် မစ္စတာ ရှင်န်းပေဟိုင်အား မြန်မာမှုအနုပညာလက်ရာ ငွေဆွမ်းအုပ်ကို ပေးအပ်သည်။

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူး၍ ညီနောင်အသင်းများက မြန်မာနိုင်ငံပြည်ပပို့ကုန် (Export Item)ဖြစ်သည့် စက်မှုထုတ်ကုန်ပစ္စည်း၊ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ ကျောက်မျက်ရတနာ၊ စားသောက်ကုန်ပစ္စည်းနှင့် သစ်အချောထည် ပစ္စည်းမျိုးစုံတို့ကို ပြခန်းပေါင်း ၈၂ ခန်းဖြင့် စုံစုံလင်လင် ခင်းကျင်းပြသထားသည်။

(သတင်းစဉ်)

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသထားသော မြန်မာကုန်စည်ပြခန်းများကို တွေ့ရစဉ်။**

(သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုအစိုးရမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးအထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၂၁ ရက် ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် နိုင်ငံတကာကွန်ဖရင့် ဗဟို၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုအစိုးရမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲသို့တက်ရောက်သည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝမ်ကျိရှန်၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ မင်းသမီး Her Royal Highness Hajah Masna နှင့် ၎င်း၏ ကြင်ရာတော်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Hoang Trung Hai၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းမြင့်၊တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ဖိလစ်ပိုင်သမ္မတနိုင်ငံ၊စင်ကာပူသမ္မတနိုင်ငံ၊ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သက်ဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာဆူရင်ပစ်ဆူဝမ်နှင့် နိုင်ငံအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)




**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးအထိမ်းအမှတ်အဖြစ် နန်နင်းမြို့ရှိ လီယွမ်ဟိုတယ်နိုင်ငံတကာကွန်ဖရင့်ဗဟို၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၂ရက် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ Nanning International Convention and Exhibition Centre ၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား (The Opening Ceremony of The 5th China - ASEAN Expo) သို့ တက်ရောက်သည်။**

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝမ်ကျိရှန်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံ အပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံတကာ သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်းကပဏာမ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်က အမှာစကားပြောကြားသည်။

ဆက်လက်၍တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ချန်တဲ့မျင်က အမှာစကား ပြောကြားသည်။

ယင်းနောက် တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဖွင့်ပွဲနှင့် ပြပွဲကျင်းပခဲ့သည့် မှတ်တမ်းများကို ဗီဒီယိုဖြင့် ကောက်နုတ်ပြသသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့သည် ဖွင့်ပွဲကျင်းပရန်အတွက် စင်မြင့်ပေါ်သို့ တက်ရောက်နေရာယူကြသည်။

ဆက်လက်၍ တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ (၅)နှစ်ဆက်တိုက် မပျက်မကွက် တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ပြပွဲကျင်းပရေး ဦးစီးကော်မတီက ချီးမြှင့်သည့် ဂုဏ်ပြုစလွယ်နှင့် အထိမ်းအမှတ်ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ (၅)နှစ်ဆက်တိုက် မပျက်မကွက် တက်ရောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား ဂုဏ်ပြုစလွယ်နှင့် အထိမ်းအမှတ်ဆုတံဆိပ်တို့ကို ပေးအပ်ဂုဏ်ပြုသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်က ဖွင့်ပွဲအခမ်းအနားစတင်ကြောင်းကြေညာသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှအစိုးရအဖွဲ့ အကြီးအကဲများက တရုတ်-အာဆီယံ ချစ်ကြည်ရေး ပေါင်းကူးတံတားနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အထိမ်းအမှတ် တံဆိပ်တို့ကို ပုံဖော်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)




**နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ တရုတ်-အာဆီယံချစ်ကြည်ရေးပေါင်းကူးတံတားနှင့်(၅)ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲ အထိမ်းအမှတ်တံဆိပ်တို့ကို ပုံဖော်ပေးကြစဉ်။** (သတင်းစဉ်)



## အခမ်းအနား တက်ရောက်

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၅)ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

### ❖ တရုတ်နှင့်အာဆီယံမှ

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတွင် ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ဂိုရှန်းခွင်း (Mr. Guo Shengkun)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် မိမိအနေဖြင့် ၂၀၀၃ခုနှစ်တွင် ကျင်းပခဲ့သည့် အာဆီယံ+တရုတ် (Ten Plus One)အစည်းအဝေးတွင် ဝန်ကြီးချုပ်မစ္စတာ ဝမ်ကျားပေါင်က တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို အာဆီယံနှင့်တရုတ်တို့ပူးပေါင်း၍ နှစ်စဉ်ကျင်းပရန် အဆိုပြုခဲ့ပြီး အာဆီယံဘက်မှ ခေါင်းဆောင်များက သဘောတူ အတည်ပြုခဲ့ကြသည်ကို သတိရမိကြောင်း။

ယခုဆိုလျှင် ဤစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကြီးသည် တရုတ်နှင့်အာဆီယံတို့အကြား စီးပွားရေးအသိုက်အဝန်း နယ်ပယ်အသီးသီးတို့တွင် အချင်းချင်းဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုအတွက် အလေးအနက်ပြုရမည့် အချက်အချာနေရာတစ်ခုအဖြစ် ရောက်ရှိလာသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယခုနှစ် ထိပ်သီးအစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ "ပိုမိုကျယ်ပြန့်သောအမြော်အမြင်နှင့် ရွေ့လျားနေသောဆောင်ရွက်ချက်" (Broader Vision, Move Action)ဟူ၍ ဖြစ်ပါကြောင်း၊ ဤရည်ရွယ်ချက်၏ ရောင်ပြန်ဟပ်မှုကို ကြည့်ပါက တရုတ်နှင့် အာဆီယံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင်သာမက အခြားသော စီးပွားရေးနယ်ပယ်များတွင်လည်း ပိုမိုကျယ်ပြန့်သောအမြင်များဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် အရှိန်အဟုန်ဖြင့် တိုးတက်မှုများ ရရှိနေခြင်းကို တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ဤထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပခဲ့ရာ ယခုနှစ် အစည်းအဝေးကြီးသည် ပဉ္စမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကြီးဖြစ်ကြောင်း။

ထို့ပြင် ဤထိပ်သီးအစည်းအဝေးကြီးနှင့်အတူ နန်နင်းနိုင်ငံတကာ အနုပညာပြပွဲ တတိယအကြိမ်မြောက် တရုတ်-အာဆီယံ ကြေးနန်းဆက်သွယ်ရေး ရက်သတ္တပတ် အစည်းအဝေးများနှင့် အခြားစီးပွားရေးဖိုရမ်များကို တစ်ပြိုင်နက် ကျင်းပနေခြင်းသည် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ အရှိန်အဟုန်ရရှိနေကြောင်း ဖော်ပြလျက်ရှိကြောင်း။

ယနေ့ကမ္ဘာကြီးကို ကြည့်ပါက အာရှတိုက်သည် ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှုနှုန်း အမြန်ဆုံးဒေသဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၁ ရာစုတွင် စီးပွားရေးအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး စီးပွားရေးတိုးတက်မှုနှုန်းများကို ထိန်းသိမ်းထားနိုင်သည်သာမက လူနေမှုအဆင့်အတန်းတွင်လည်း ခေတ်မီတိုးတက်လာသည်ကို တွေ့ရပါကြောင်း။

တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်များ လျင်မြန်စွာတိုးတက်လာသည့်နည်းတူ သွင်းကုန်များလည်း အလားတူ တိုးတက်နေသည်ကို တွေ့ရပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်နှင့် အခြေခံကောင်းများကို ဖန်တီးထားပြီးဖြစ်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း အများအပြားစီးဝင်လာမည့် အလားအလာများ တွေ့ရှိနေရပါကြောင်း။

အာဆီယံသည် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကို တည်ထောင်ရန် ရည်ရွယ်လျက် ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသအစီအစဉ်သည် အောင်မြင်မှုလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ အာဆီယံဒေသသည် သဘာဝသယံဇာတနှင့် လူအင်အားအရင်းအမြစ်များကြွယ်ဝပြီး စီးပွားရေးအခွင့်အလမ်းများ ကောင်းမွန်သောဒေသဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုများ အများအပြားရှိသည်ဖြစ်ရာ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းများ များစွာရှိကြောင်း။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို အကျဉ်းချုပ် ပြောကြားလိုကြောင်း။

၂၀၀၄ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်စဉ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာတွင် တရုတ်-မြန်မာ ကုန်သွယ်မှုပမာဏကို ၂၀၀၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရှိစေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဖော်ပြပါရှိကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံထိ တိုးတက်လာကြောင်း၊ အဆိုပါကုန်သွယ်မှုပမာဏမှာ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၂၄ ဒသမ ၂၁ ရာခိုင်နှုန်း ရှိကြောင်း။

မြန်မာနိုင်ငံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ စတုတ္ထနေရာတွင်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်နေသည့်ကဏ္ဍများမှာ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍတို့ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုပမာဏမှာ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၅၁ဒသမ ၈၈ ရာခိုင်နှုန်း ရှိကြောင်း။

မြန်မာနိုင်ငံတွင် အာဆီယံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ပထမနေရာတွင်ရှိပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၆၃ ဒသမ ၈ရာခိုင်နှုန်း ရှိကြောင်း၊ ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံမှုမှာ အီးယူနိုင်ငံများဖြစ်ပြီး တတိယအများဆုံးရင်းနှီးမြှုပ်နှံမှုမှာ အခြားအာရှနိုင်ငံများဖြစ်ကြောင်း။

တရုတ်နှင့်အာဆီယံတို့သည် နှစ်ဦးနှစ်ဖက် ပူးပေါင်း၍ အဆင့်မြင့် လွတ်လပ်သော ကုန်သွယ်မှုဒေသကြီးတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် အာဆီယံ-တရုတ် ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဘောင် သဘောတူစာချုပ်ကို ၂၀၀၃ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါ ဘောင်သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြကြောင်း။

တရုတ်-အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ ဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူစာချုပ်ကို ၂၀၀၆ ခုနှစ်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာအတွင်း ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးနိုင်ရန် နှစ်ဖက်စလုံးမှ ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ အဆိုပါ သဘောတူစာချုပ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စာချုပ်ပါပြဋ္ဌာန်းချက်များနှင့် သတင်းအချက်အလက်များကိုပုဂ္ဂလိကကဏ္ဍအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်စေရေးအတွက် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

၁၉၉၇ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပြုလုပ်ခဲ့သည့် ပူးတွဲကြေညာချက်တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဦးစားပေးကဏ္ဍငါးခုဖြစ်သည့် လယ်ယာကဏ္ဍ၊ သတင်းဆက်သွယ်ရေးနှင့်နည်းပညာ၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်ဖက်အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုနှင့် မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် ပါရှိကြောင်း။

၂၀၀၅ ခုနှစ် ဒီဇင်ဘာတွင် မလေးရှားနိုင်ငံ၌ ပြုလုပ်ခဲ့သော (၉)ကြိမ်မြောက် အာဆီယံ- တရုတ် ထိပ်သီးအစည်းအဝေးကြီးတွင် ဦးစားပေးကဏ္ဍအသစ်ငါးခုဖြစ်သည့် စွမ်းအင်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြရန် အတည်ပြုခဲ့ကြပြီးဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးကြီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကို ဦးစားပေးကဏ္ဍအဖြစ် ထပ်မံဖြည့်စွက် အတည်ပြုခဲ့ကြောင်း၊ အဆိုပါ ထပ်မံတိုးချဲ့သည့် ဦးစားပေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းသည် ဤထိပ်သီးအစည်းအဝေးကြီး၏ ရည်ရွယ်ချက်ကို ထင်ဟပ်ပေါ်လွင်လျက်ရှိကြောင်း။

ယနေ့ကမ္ဘာကြီးသည် မသေချာမရေရာမှုများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ လောင်စာဆီနှင့် အစားအသောက်ဈေးနှုန်းများ မကြုံစဖူးမြင့်တက်လာခြင်းနှင့် ကမ္ဘာ့ဒေသအချို့တွင် ငွေကြေးအကျပ်အတည်းများ ဖြစ်ပေါ်နေမှုများသည် အဓိကဖိအားများဖြစ်သည်ကို တွေ့ရှိရကြောင်း။

ယခုအခါ လောင်စာဈေးနှုန်းမြင့်တက်လာမှုနှင့်ပတ်သက်၍ အာဆီယံအနေဖြင့် ဒေသတွင်း စွမ်းအင်ဖူလုံမှု စိတ်ချရစေရေးအတွက် ဆောင်ရွက်ရန် အချက်များကို အတည်ပြုချမှတ်ထားပြီးဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍတွင် စွမ်းအင်ရင်းမြစ်သစ်ရရှိနိုင်မည့်နည်းလမ်းများ အစားထိုးစွမ်းအင်အများအပြား ထုတ်လုပ်နိုင်မှု နည်းလမ်းများ၊ စွမ်းအင်ရင်းမြစ်များကို ထိရောက်စွာ အသုံးချခြင်းများနှင့် စွမ်းအင်အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးတို့ အတွက် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍသည် အာဆီယံနိုင်ငံအများစုတွင် အဓိကစီးပွားရေးကဏ္ဍအနေဖြင့် ရှိနေဆဲဖြစ်ကြောင်း၊ ဆန်ဈေးနှုန်းများ မြင့်တက်နေမှုသည် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်လာနိုင်ဖွယ်ရာရှိသဖြင့် စားနပ်ရိက္ခာထုတ်လုပ်မှု စွမ်းအားများမြင့်မားလာစေရေးအတွက် နည်းပညာများဖလှယ်ခြင်းနှင့် သုတေသနလုပ်ငန်းများကို ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တိုးမြင့်လာသော အစားအစာဝယ်လိုအားနှင့် စွမ်းအင်လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးအတွက် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမို၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ဒေသအချို့တွင် ငွေကြေးအကျပ်အတည်းများ ဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ မိမိတို့ဒေသအတွင်းရှိ နိုင်ငံများအနေဖြင့် အဆိုပါငွေကြေးအကျပ်အတည်း၏ ဂယက်ရိုက်ခတ်လာနိုင်မှုကိုလည်း နိုင်ငံအလိုက် သတိပြုဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယခုအခါတွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများသည် ကမ္ဘာ့အဝန်းဂရုပြုရမည့်ကိစ္စများ ဖြစ်ပါလာကြောင်း၊ အဆိုပါကိစ္စရပ်များသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်မှုဖြစ်စေသည့်အတွက် ကျွန်ုပ်တို့အားလုံး လက်တွဲ၍ စုပေါင်းကာကွယ်သွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းဒဏ်ခံရသည့်အခါ၌ မိတ်ဆွေ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့ခြင်းများအား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

တရုတ်နှင့် အာဆီယံတို့ နှစ်ဦးနှစ်ဖက် ပူးပေါင်း၍ အဆင့်မြင့် လွတ်လပ်သော ကုန်သွယ်မှုဒေသကြီး ဖြစ်ပေါ်လာရေးဆောင်ရွက်မှုများတွင် တိုးတက်မှုများရရှိနေသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ပြီးပြည့်စုံသည့် အာဆီယံ - တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသကြီး ဖြစ်ပေါ်လာစေရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ပူးပေါင်းမှုမှာ အရေးပါသောအခန်းကဏ္ဍတွင်ရှိကြောင်း။

ဤထိပ်သီးအစည်းအဝေး၏ ရလဒ်များသည် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် တိုးမြင့်လာစေရေးအတွက် အားပေးအထောက်အပံ့ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဗိုရာချစ်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ Speaker of The House of Representatives, Hon. Prospero C. Nograles က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Hoang Trung Hai က မိန့်ခွန်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံ အတွင်းရေးမှူးချုပ် UNCTED Dr. Supachai Panitchpakdi က အမှာစကား ပြောကြားသည်။ ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝမ်ကျိရှန်က မိန့်ခွန်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၃

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်ဆောက်လုပ်နေမှု လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာချုပ် ဒေါ်စန္ဒာဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရန် တတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ အလှူရှင် ၉၂ ဦးတို့က အလှူငွေ စုစုပေါင်း ငွေကျပ် ၅၅၀၄၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကြည်ဝင်းက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရန်အတွက် ဂျိုးသိန်းဆေးပေါ့လိပ်မှ ဦးကျင်ဝမ်း-ဒေါ်လှသိန်းတို့က ယခင် မတည်အလှူငွေကျပ် သိန်းနှစ်ထောင်နှင့် ယူနီဗာဆယ်ဆောက်လုပ်ရေး ကုမ္ပဏီမှ ဒေါက်တာဇော်ထွန်း မိသားစုက ယခင် မတည်အလှူငွေကျပ်သိန်းတစ်ထောင် အပါအဝင် စေတနာရှင်၊ အလှူရှင်များက စုပေါင်း ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆေးရုံတိုးချဲ့အဆောက်အအုံသစ်သည် ယခုအခါ စီမံကိန်း လုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)




**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရန် တတိယအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။**

(သတင်းစဉ်)

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဋ္ဌမနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဋ္ဌမနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ ဆက်လက်ကျင်းပကြသည်။**

အဆိုပါ ပြိုင်ပွဲများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်ထွန်းအောင်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များ၊ လေ့လာရေးအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို ချစ်ခင်လေးစား တန်ဖိုးထားကြသော ပြည်သူများ ပျော်ရွှင်စွာ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရာဟုလာ အမွေတောင်းခန်း ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉နာရီ ၁၅ မိနစ်တွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကွက်စိပ် အကဲဖြတ်လုပ်ငန်း အဖွဲ့ခေါင်းဆောင် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပါမောက္ခချုပ် ဦးတင်စိုးခေါင်းဆောင်သော အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြပြီး ကချင်ပြည်နယ်မှ ဦးဇော်မျိုးကအောင်စိုးမိုး ပွဲ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မန္တလေးတိုင်းမှ ဦးစွန်ညိုက မန္တလေးကောင်းသန့် ပွဲ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မကွေးတိုင်းမှ ဦးကျော်စိုးက မန်းပန်တျာစိန်မြင့်လွင် ပွဲ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းမှ ဦးတင်ရွှေက ပန်တျာစိန်လှမြိုင် ပွဲ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ရှမ်းပြည်နယ်မှ ဦးစိုင်းမျိုးအောင် (ခ) ကိုကိုလွင်က ဇေယျာထွန်း ပွဲ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း ဟောပြောပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ တနင်္သာရီတိုင်းမှ မခင်သူဇာ၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်မြင့်မြင့်အေးနှင့် ဒေါ်သန်းသန်းငြိမ်း၊ မကွေးတိုင်းမှ ဒေါ်မာလာဝင်း၊ ဧရာဝတီတိုင်းမှ ဒေါ်သူဇာအောင်၊ ပဲခူးတိုင်းမှ ဒေါ်ဥမ္မာ၊ မန္တလေးတိုင်းမှ ဒေါ်သန္တာရွှေနှင့် ဒေါ်ဆွေဆွေအောင်၊ ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်တို့က နန်းတော်ရှေ့ဆရာတင် ရေးသားသီကုံးပြီး ဒေါ်ကြည်အောင် သီဆိုထားသည့် "သုံးရွှေ့လယ်"သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်အထိအမျိုးသားခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲ ကျင်းပရာ မန္တလေးတိုင်းမှ မောင်မျိုးလွင်အောင်၊ ပဲခူးတိုင်းမှ မောင်သီဟလင်း၊ စစ်ကိုင်းတိုင်းမှ မောင်ရဲဇော်ထွန်း၊ ရှမ်းပြည်နယ်မှ မောင်စိုးမြင့်ဦး၊ ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်၊ ကချင်ပြည်နယ်မှ မောင်လွင်အောင်ဖြိုး၊မန္တလေးတိုင်းမှမောင်ဟိန်းလတ်၊ ဧရာဝတီတိုင်းမှ မောင်ဖွဲ့ပိုင်ထက်၊ ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ ကရင်ပြည်နယ်မှ စောဂွန်စကိုင်း၊ ရန်ကုန်တိုင်းမှ မောင်ဇင်



**အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသား ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်စိုးမြင့်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

မောင်မောင် (ခ)ထက်အောင်လင်းနှင့် မွန်ပြည်နယ်မှ မောင်သီဟထွန်းတို့က စောင်းဦးဘသန်း ရေးသားသီဆိုသည့် "စိန္တာမဏိ" သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

သီချင်းအရေးပြိုင်ပွဲကို နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွာတော် အမှတ်(၇)တည်းခိုရေးစခန်းသင်တန်းခန်းမဆောင်၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲ၌ "ဂုဏ်ယူဖွယ် မြန်မာ့ရိုးရာ"သီချင်းခေါင်းစဉ်ဖြင့် ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ စစ်ကိုင်းတိုင်းမှ ဦးဥက္ကာ၊ ရန်ကုန်တိုင်းမှ ဦးသန်းဝင်း၊ ချင်းပြည်နယ်မှ မောင်ပြည့်ဖြိုးမောင်၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ တနင်္သာရီတိုင်းမှ ဦးဇော်ထွန်းသောင်း၊ မွန်ပြည်နယ်မှ ဦးတင့်ဇော်ဦး၊ ရန်ကုန်တိုင်းမှ ဦးထွန်းသန်း (ခ) ဦးသိန်းတန်၊ ရခိုင်ပြည်နယ်မှ ဦးမင်းသိန်းထွန်း၊ ဧရာဝတီတိုင်းမှ ဦးခင်ဝင်း၊ မန္တလေးတိုင်းမှ ဦးမြင့်ဇော်၊ မကွေးတိုင်းမှ ဒေါ်ငယ်ငယ်ထွန်း၊ ကယားပြည်နယ်မှ မောင်ကြည်စိုး၊ မန္တလေးတိုင်းမှ ဦးမြင့်ဆွေနှင့် ကရင်ပြည်နယ်မှ ဦးဂျေစီလံတို့က ပြိုင်ပွဲဝင် ရေးသားကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားတယောထိုးပြိုင်ပွဲကို နံနက် ၉နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းမှ ဦးဝင်းကြည်၊ ရန်ကုန်တိုင်းမှ ဦးယုမောင်၊ ပဲခူးတိုင်းမှ ဦးသန်းရှိန်၊ ရခိုင်ပြည်နယ်မှ ဦးသန့်ဇင်ဦး၊ စစ်ကိုင်းတိုင်းမှ ဦးသိန်းကျော်၊ ဧရာဝတီတိုင်းမှ ဦးထွန်းလွင်၊ မန္တလေးတိုင်းမှ ဦးအေးနှင့် ဦးအေးမောင်၊ ကယားပြည်နယ်မှ မောင်စောထူးထူးဝေတို့က နီးအောင်ပင်လှမ်း (ကာလပေါ်) သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး တယောထိုးပြိုင်ပွဲကိုကျင်းပရာ ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်း၊ ရန်ကုန်တိုင်းမှ မအိဇူလိုင်အေးနှင့် ကချင်ပြည်နယ်မှ ဒေါ်အေးစုမွန်တို့က နီးအောင်ပင်လှမ်း (ကာလပေါ်) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက် (၁၅)



**အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)အထိ အမျိုးသမီး တယောထိုးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မနော်ဒိုနေထူး ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

နှစ်မှ (၂၀)နှစ်အထိ အမျိုးသား တယောထိုးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်သန်းထိုက်အောင်၊ ဧရာဝတီတိုင်းမှ မောင်သက်လွင်အောင်ထွန်းနှင့် ရန်ကုန်တိုင်းမှ မောင်ညီညီလွင်တို့က ဘုံဆောင်မြင့် (ကြိုး)သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသမီး တယောထိုးပြိုင်ပွဲကို ကျင်းပရာ ကယားပြည်နယ်မှ မနော်ဒိုနေထူးနှင့် ကချင်ပြည်နယ်မှ မအေးလင်းသူတို့က ဘုံဆောင်မြင့် (ကြိုး) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသား ပတ္တလား အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်မှ မောင်ချစ်ဖြိုးလျှံ၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း (ခ) ဖိုးလပြည့်၊ ဧရာဝတီတိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ စစ်ကိုင်းတိုင်းမှ မောင်ဖြိုးထက်အောင်၊ ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိန်းကျော်၊ မန္တလေးတိုင်းမှ မောင်ကြည်သာဗိုလ်၊ မကွေးတိုင်းမှ မောင်အောင်ကိုကိုနှင့် မန္တလေးတိုင်းမှ မောင်ဘိုဘိုကျော်တို့က "အောင်မြေမြမန်း" (ပတ်ပျိုး)သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဝါသနာရှင်(ဒုတိယတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကို ကျင်းပရာ ပဲခူးတိုင်းမှ မတင်ဇာအေးလွင်၊ ရန်ကုန်တိုင်းမှ မလှလှဌေးနှင့် မဝမ်းကေဇင်၊ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်း၊ မန္တလေးတိုင်းမှ ဒေါ်ခင်တင့်လွင်နှင့် ဒေါ်နန္ဒာလင်းတို့က "ပန်းဟောဝန်" (ယိုးဒယား) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီးဆိုင်းတစ်ဦးချင်း ပြိုင်ပွဲများကို စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ နံနက် ၉နာရီတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို စတင်ကျင်းပရာ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်၊ မန္တလေးတိုင်းမှ မလှိုင်ထားထားမြင့်နှင့် ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်းတို့က "တောမြိုင်ခြေလမ်း" (ယိုးဒယား) သီချင်းဖြင့် တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မအေးနန္ဒာဝင်း၊ မန္တလေးတိုင်းမှ မနီနီဝင်းနှင့် မသီသီအောင်မင်း၊ ရန်ကုန်တိုင်းမှ မအိအိမွန်တို့က "ဝေယံပိုင်" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး ဆိုင်း တစ်ဦးချင်း ပြိုင်ပွဲကို ကျင်းပရာ စစ်ကိုင်းတိုင်းမှ မယွန်းဝတီအောင်ကျော်စိုးနှင့် မရွှေရည်စိုးဗိုလ်၊ မကွေးတိုင်းမှ မနှင်းအိလှိုင်တို့က "သာယာ" (ကြိုး) သီချင်းဖြင့် တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားဒုံမင်းတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဝိစိတြ (ကာလပေါ်)သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးသန်းနိုင်၊ ပဲခူးတိုင်းမှ ဦးတင်မောင်၊ ရန်ကုန်တိုင်းမှ ဦးမောင်ဝမ်း၊ မန္တလေးတိုင်းမှ ဦးတင်ရှိန်၊ ရန်ကုန်တိုင်းမှ ဦးအောင်တင်၊ ဧရာဝတီတိုင်းမှ ဦးမျိုးဆန်း၊ မန္တလေးတိုင်းမှ ဦးညွန့်တင်၊ မကွေးတိုင်းမှ ဦးသန်းထွန်း၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်းနှင့် ရှမ်းပြည်နယ်မှ ဦးသန်းဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့်အသက် (၁၅) နှစ်မှ (၂၀)နှစ်အထိ အမျိုးသမီး ဒုံမင်းတီးပြိုင်ပွဲကို ကျင်းပရာ နန်းဘုံသီတာဗွေ (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မနန်းကြာညိုကြေ့နှင့် မခင်မြင့်မြတ်မောင်၊ ပဲခူးတိုင်းမှ




**ရာဟုလာ အမွေတောင်းခန်း ကွက်စိပ်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဦးစွန်ညို ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

မသင်းသင်းဟန်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး ဒုံမင်းတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မဟာဇနက (ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မမေမြတ်နိုးစံ၊ မန္တလေးတိုင်းမှ မအိအိချော၊ ပဲခူးတိုင်းမှ မဆုပြည့်ဖြိုး၊ မန္တလေးတိုင်းမှ မဖြူဖွေးသန့်၊ မကွေးတိုင်းမှ မကြည်ကြည်မာနှင့် ရန်ကုန်တိုင်းမှ မစုမြတ်နိုးတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။ (သတင်းစဉ်)




**ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီး သီချင်း အရေးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မောင်ပြည့်ဖြိုးမောင် ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

## The LIVE NEWS ဂျာနယ် အမှတ်(၁၀၃)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၃

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၁၀၃)တွင် မြင်းမူမောင်နိုင်မိုး၏ လိုချင်တာကိုရွေးချယ်ကြ၊ အဆုံးအမ၊ နီမင်းဆွေ၏ လက်ချောင်းလေးများကပြောသောစကား၊ ကိုကိုလှိုင်၏ ထိုင်းနှင့်ကမ္ဘောဒီးယားတို့အကြား နယ်စပ်ပစ်ခတ်မှုဖြစ်ပွား၊ ကေကေ(မဟာဝိဇ္ဇာ)၏ အပြည်ပြည်ဆိုင်ရာအဘိဓမ္မာ ရောင်ဝါနေသို့ထွန်းစေသော်၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သမိုင်းတင်အဝိုင်းကြီးများ (Round-about)(၄)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ဗီယက်နမ်နိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေး ဘဝ အလှည့်အပြောင်းများ အပိုင်း(၃)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ (၆)၊ အာရှမိုး၏ ကမ္ဘာကျော်စပိုင်မကလေးများ၊ ရှိန်အောင်ဗိုလ်၏ မြန်မာဂေါက်သီးရိုက်အသင်းမှ သက်ရှည်ကျန်းမာနေသူများ၊ အတိုင်းထက်အလွန်ပြီးတော့ အကန့်အသတ်မရှိဘူးလို့ ပြောလာပြန်တဲ့နောနော်တို့ BLAZE Band အဖွဲ့သားများနှင့်တွေ့ဆုံခြင်း၊ အိန္ဒိယနှင့်အမေရိကန်၊ ပါကစ္စတန်နှင့်တရုတ် မဟာဗျူဟာအုပ်စုဖွဲ့နိုင်မှုအလားအလာ၊ ဝေက်အတွက် အများကဒဏ်ခံနေရသည့် ကမ္ဘာကြီး၊ နို့နှင့်နို့ထွက်ပစ္စည်းများအပေါ် ယုံကြည်ကိုးစားမှုရရေးအတွက် တရုတ်အစိုးရကြိုးပမ်း၊ အများဆုံး ဝေဖန်တိုက်ခတ်ခြင်းခံနေရသော အမေရိကန် ဒုတိယသမ္မတလောင်း မစ္စ(စ)ဆာရာပါလင်၊ နောက်ဆုံးပေါ် တိုက်ချင်းပစ် ဒုံးကျည်လေးစင်း ရုရှားကစမ်းသပ်ပစ်လွှတ်ခဲ့၊ မျက်ဝန်းရိပ် အပိုင်း (၂၁၊၂၂)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၄၁၊၄၂)၊ လေကြောင်းမြို့တော်အပိုင်း (၇၊၈)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်းဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ၅၈၅၀ကျပ်၊ ၆လ-၂၆စောင်-၁၁၇၀၀ကျပ် နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၃၁၀)၊ အခန်း(၀၀၄)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ် (၅၅)၊ ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇တို့သို့မှာယူ ဖတ်ရှုနိုင်ကြောင်းသိရရှိသည်။ (သတင်းစဉ်)

## အကြိမ်(၄၀)မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်း မလေးရှားအသင်းကို ရှုံးနိမ့်

ရန်ကုန် အောက်တိုဘာ ၂၃

၂၀၀၈ခုနှစ် အကြိမ်(၄၀)မြောက် မာဒေးကား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ညပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ဒုတိယအကြိမ်ဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မလေးရှားအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေးတိုင်း ကိုယ်စားပြုဇာတ်အဖွဲ့ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၃

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းကိုယ်စားပြု ချစ်နော်ဇာတ်အဖွဲ့က ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် ဆဋ္ဌမမြောက် ဘူရိဒတ်ဇာတ်တော်ကြီးဖြင့် ပြိုင်ပွဲဝင် ယှဉ်ပြိုင်တင်ဆက်သည်။**

အဆိုပါ ဇာတ်တော်ကြီးပြိုင်ပွဲသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီးဒေါ်နုနုဆွေ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဇနီး၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်နှင့်ဇနီး၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ ဇာတ်သဘင်ပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မန္တလေးတိုင်း ကိုယ်စားပြုဇာတ်အဖွဲ့တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစိန်လှိုင်က ကြီးကြပ်ပြီး ဇာတ်ညွှန်း ဖွဲ့ထက်ရှား(မန်းပန်တျာ)၊ ဒါရိုက်တာ မြေလတ်စောနိုင် (မန်းပန်တျာ)၊ ဂီတမှူး ပစ်တိုင်းထောင် (မန္တလေး) ဘူရိဒတ်နဂါးမင်းအဖြစ် ဦးချစ်နော်၊ သုဒဿနနဂါးမင်းအဖြစ် ဦးပြူးတို့ ခေါင်းဆောင်သော ဇာတ်ပို့ဇာတ်ရံအဖွဲ့သားများက ကဏ္ဍအလိုက် သရုပ်ဆောင်ယှဉ်ပြိုင်တင်ဆင်ကြပြီး ပစ်တိုင်းထောင်ဆိုင်းအဖွဲ့က ပံ့ပိုးတီးမှုတ်ပေးသည်။



(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲတွင် မန္တလေးတိုင်းကိုယ်စားပြု ချစ်နော်ဇာတ်အဖွဲ့က ဘူရိဒတ်ဇာတ်တော်ကြီးဖြင့် ပြိုင်ပွဲဝင်ယှဉ်ပြိုင် တင်ဆက်စဉ်။ (သတင်းစဉ်)

ဘူရိဒတ်ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်ရသည့် ရည်ရွယ်ချက်မှာ အလောင်းတော်ဘူရိဒတ်နဂါးမင်း၏ မြင့်မြတ်သော သီလပါရမီတော်ကို ကြည်ညိုသဒ္ဓါပွားများနိုင်စေရန်၊ သူတော်ကောင်းတို့၏ သည်းခံခြင်းတရားကို နားလည်နိုင်ကြစေရန်နှင့် မိတ်ဆွေကောင်းကို ပြစ်မှားသည့် မကောင်းမှုနှင့် ကျေးဇူးရှင်ကို ဒုက္ခပေးသည့် မိုက်ကြွေးမိုက်ပြစ်တို့ကို အတုယူမမှားစေရန်ဖြစ်ပြီး အနှစ်သာရမှာ သီလသတ္တိ၏ လေးစားချီးကျူးဖွယ်ရာကို ပြဆိုခြင်း၊ မိမိမှာ စွမ်းအားရှိပါလျက် သည်းခံနိုင်သော စိတ်ထားကို ပြဆိုခြင်း၊ သားကိုချစ်သော မိခင်တို့၏ သဘာဝကို ခံစားပြဆိုခြင်းနှင့် အမှားနှင့်အမှန်ခွဲခြားနိုင်ကြစေရန် ပြဆိုခြင်းတို့ ဖြစ်သည်။ (သတင်းစဉ်)

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

**နေပြည်တော် အောက်တိုဘာ ၂၃**

ယနေ့မြန်မာစံတော်ချိန် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ကျွမ်းကျင်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကျွမ်းကျင်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ကျွမ်းကျင်မှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ လုပ်ငန်းကျွမ်းကျင်မှုကော်မတီဥက္ကဋ္ဌ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာလင်းအောင်က ဌာနအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာလုပ်ငန်း ကျွမ်းကျင်မှု ကော်မတီဝင်များက ဌာနအလိုက်ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို ယခုထက်ပိုပြီး အကျိုးရှိစွာ အသုံးချနိုင်ရေး အလေးထားကြိုးပမ်းကြရန် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ နေ့ရက်အလိုက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

| စဉ် | ရက်စွဲ | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|---|
| ၉ | ၂၄-၁၀-၂၀၀၈ (သောကြာနေ့) | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို၊ မဟာဂီတ | ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အဆို၊ မဟာဂီတ | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသား) | ၁၃း၀၀ |
| | | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | ကွတ်စိပ်ပြိုင်ပွဲ | ရာဟုလာအမွေတောင်းခန်း | ၀၉း၀၀ |
| | | | ဇာတ်သဘင် | ဘူရိဒတ်ဇာတ်တော်ကြီး(စစ်ကိုင်းတိုင်း) | ၁၉း၀၀ |
| | | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး(မယ်ဒလင်) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အတီး(မယ်ဒလင်) | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) | |
| | | | အတီး(မယ်ဒလင်) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | | အတီး(မယ်ဒလင်) | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသား) | |
| | | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အတီး(စောင်း) | ဝါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အတီး(စောင်း) | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | | အတီး(စောင်း) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား) | |
| | | စိုက်ပျိုးရေးသုတေသန ဦးစီးဌာန(စုဝေးခန်းမ) | အတီး(ဒုံမင်း) | ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အတီး(ဒုံမင်း) | အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး) | |
| | | | အတီး(ဒုံမင်း) | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | | အတီး(ဒုံမင်း) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) | |
| | | စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(ဆိုင်းအဖွဲ့လိုက်) | ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အတီး(ဆိုင်းအဖွဲ့လိုက်) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | | အတီး(ဆိုင်းအဖွဲ့လိုက်) | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) | |
| | | အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်) | အရေး(သီချင်းပြိုင်ပွဲ) | အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး) | ၀၉း၀၀ |

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၁၀-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၅ ၅။ တေးဂီတအစီအစဉ်
၈း၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၈း၃၀ ၇။ International News.
၈း၄၀ ၈။ **"အလျော်အစား" (အကယ်ဒမီဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၈း၅၀ ၉။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြု) (ရူပဗေဒ)
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၅၅ ၆။ နားဝင်ပီယံသူ့လက်သံ
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၀ ၈။ အကပြိုင်ပွဲ
၅း၃၀ ၉။ နှောင်းခေတ် တေးပဒေသာ
၅း၄၀ ၁၀။ မြန်မာစာမြန်မာစကား
၅း၅၀ ၁၁။ ကမ္ဘာ့ကုလသမဂ္ဂနေ့ တေးများ
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ သုတစုံလင်ရွှေညာဏ်ရှင်
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၂၀)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၄၀)**
၂၁။ အစီအစဉ်ပြီး၏။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လဲချား၊ ပင်လုံနှင့် လွိုင်လင်မြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့်အတူ အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီခွဲတွင် လဲချားတပ်နယ်ခန်းမ၌ အရာရှိစစ်သည် မိသားစုဝင်များနှင့်တွေ့ဆုံ၍ ဆေးဝါးပစ္စည်းများနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် လဲချားမြို့ ဖွေးဟိုင်းကျေးရွာအနီး တောင်သူ ဦးစိုင်းဆန်း၏ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါး ငါးဧကကိုကြည့်ရှုပြီး ပင်လုံတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၌ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာစောသန္တာမြင့်နှင့် ဆရာ ဆရာမများအားလည်းကောင်း၊ လွိုင်လင်ခရိုင် စိုက်ပျိုးရေးမန်နေဂျာရုံး၌ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများအားလည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ပင်လုံတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# မန္တလေးတိုင်းအတွင်းရှိ ပရဆေးစိုက်ခင်းနှင့် သစ်တောစခန်းများ၊ သစ်အချောထည်စက်ရုံများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပုပ္ပားတောင်ဥယျာဉ် သစ်တောဦးစီးဌာန၏ ပရဆေးဥယျာဉ်အတွင်း ပရဆေးပင်များ စိုက်ပျိုးထားရှိမှု၊ စာကြည့်တိုက်အတွင်း ပရဆေးစာအုပ်များ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီးသည် အောက်တိုဘာ ၂၀ ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင် အရှေ့ခြမ်းရှိ နတ်ကန်လည် သစ်တောစခန်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော ငှက်ပျောပပျောက်ရေး လုပ်ငန်းများ အောင်မြင်နေမှု၊ နှစ်ရှည်ပင်များဖြစ်သော စိန်တစ်လုံး၊ သြဇာ၊ သီဟိုဠ်ပင်များ စိုက်ပျိုးအောင်မြင်နေမှု၊ကျေးလက်အိမ်ရာထူထောင်ရေး၊ ကျေးရွာသုံး သစ်တောစိုက်ခင်း တစ်ဧက ထူထောင်ရေး၊ တစ်အိမ်လျှင် ယူကလစ်ပင် ၂၀၊ မဲဇလီပင် ၂၀၊ ကျွန်း(၃)ပင် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက်ဝန်ကြီးသည်တောင်သာမြို့နယ် မြင်စိုင်းတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ရှင်သန်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊တောင်သာမြို့နယ် တောင်သာတောင်၌ တောင်သာတောင် စိမ်းလန်းစိုပြည်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် နွားထိုးကြီးမြို့နယ် မင်းစုံတောင်ဘေးမဲ့တော၌ ကြယ်လိပ်မွေးမြူထားရှိမှုနှင့် မင်းစုံတောင် ဘေးမဲ့တောစိမ်းလန်းစိုပြည်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် အောက်တိုဘာ ၂၁ ရက်တွင် မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမရပူရမြို့နယ်ရှိ အမှတ်(၂-ခ)ပုံဖော်စက်ရုံအတွင်း သစ်မာသစ်ပါးလွှာများ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့်ကျွန်းအဆင့်မြင့် ခွဲသားများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အမရပူရမြို့နယ် သစ်အခြေခံစက်မှုနယ်မြေ၌ SK Wood Industries Limited သစ်အချောထည်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် စက်ရုံမှခ်ဦးကို ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်း၊ SK Wood ကုမ္ပဏီ၏ C.E.O Mr. Kittipol Ho Sa Wasdi နှင့် မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးထူးအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ C.E.O Mr. Kittipol Ho Sa Wasdi က စက်ရုံတည်ထောင်မှုနှင့် ရင်းနှီးမြှုပ်နှံထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ စက်ရုံအမှုဆောင် အကြံပေးပုဂ္ဂိုလ်ဦးစန်းဝင်းကဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက သစ်အချောထည်လုပ်ငန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်းတိုးချဲ့ ဆောင်ရွက်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး ဆွေးနွေးမှာကြားကာ စက်ရုံအတွင်း ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ကျောက်ပန်းတောင်း မြို့နယ် ပုပ္ပားတောင် အရှေ့ခြမ်းရှိ နတ်ကန်လည် သစ်တောစခန်းတွင် ဒေသခံပြည်သူများအား ဆွေးနွေးမှာကြားစဉ်။**
(သစ်တော)




# မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်

မြန်မာနိုင်ငံနှင့် အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် အောက်တိုဘာ ၂၃

## ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ။** ။ ချောက်မြို့နှင့် ကိုကိုးကျွန်းမြို့တို့တွင် ၀ ဒသမ ၈၇ လက်မစီ၊ ကျောက်ပန်းတောင်းမြို့နှင့် သထုံမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီနှင့် ဘားအံမြို့တွင် ၀ဒသမ ၅၁ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။** ။ ယနေ့ မြန်မာစံတော်ချိန် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၄ ရက်ညနေထိ ခန့်မှန်းချက် ။** ။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်သည်။

**နေပြည်တော်** နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့** နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့** နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၄ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၃ ဒီဂရီဖာရင်ဟိုက်)၂၂-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၂ဒီဂရီဖာရင်ဟိုက်) ၂၃-၁၀-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း ၂၃-၁၀-၂၀၀၈
နေပူသည့်နာရီပေါင်း ၄ ဒသမ ၈ နာရီခန့် ၂၂-၁၀-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၃-၁၀-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၆၀၅ မမ | ၂၈၆၉မမ | ၃၃၆၀မမ |
| ယနေ့အထိ | (၁၀၂ဒသမ ၅၆လက်မ) | (၁၁၂ဒသမ ၉၅လက်မ) | (၁၃၂ဒသမ ၂၈လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၂-၁၀-၂၀၀၈ ရက် ၁၄း၁၅ နာရီတွင် အရှေ့မြောက်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

# တရုတ်နှင့်အာဆီယံတို့ နှစ်ဦးနှစ်ဖက်ပူးပေါင်း၍ အဆင့်မြင့်လွတ်လပ်သော ကုန်သွယ်မှုဒေသကြီးဖြစ်ပေါ်လာရေး ဆောင်ရွက်မှုများတွင် တိုးတက်မှုများရရှိ

## ပြီးပြည့်စုံသည့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသကြီးဖြစ်ပေါ်ရေး ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ပူးပေါင်းမှုမှာ အရေးပါသောအခန်းကဏ္ဍတွင်ရှိ

**မိန့်ခွန်းပြောကြား**

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ် ချုပ် ကြီး သိန်း စိန် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေးတွင် မိန့်ခွန်း ပြောကြားစဉ်။

(သတင်းစဉ်)






နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ The People's Hall of Guangxi ၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (The 5th China-ASEAN Business & Investment Summit) သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝမ်ကျိရှန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Hoang Trung Hai၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

**မြဝတီဘဏ်လီမိတက်(နေပြည်တော်)**

မြဝတီဘဏ်လီမိတက်(နေပြည်တော်) ဘဏ်အဆောက်အအုံသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မြဝတီဘဏ်လီမိတက်(နေပြည်တော်) ဘဏ်အဆောက်အအုံသစ်နှင့် ဘဏ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်



နေပြည်တော် အောက်တိုဘာ ၂၃

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည့် မြဝတီဘဏ် လီမိတက်(နေပြည်တော်) ဘဏ်အဆောက်အအုံသစ်နှင့် ဘဏ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်ဒါရိုက်တာများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍